## အဆို (၂)

## "လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတတ်စေရန်အတွက် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုလေ့ကျင့်သင်ကြားမွေးထုတ်ပေးရန်"

(အဆိုပြုတင်ပြချက်)

**လေးစားအပ်ပါသောသဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များခင်ဗျား/ရှင့် .....**

(၁၉) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ တက်ရောက်လာကြတဲ့ သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကြီးများ၊ တိုင်းဒေသကြီးများနှင့် ပြည်နယ် အသီးသီးမှ တိုင်းရင်းဆေးသမား တော်များညီလာခံကိုယ်စားလှယ်တော်ကြီးများစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းသုခအဖြာဖြာနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြု အပ်ပါတယ်ရှင်/ခင်ဗျား။

ကျွန်တော်/ကျွန်မကတော့..................တိုင်းဒေသကြီး/ပြည်နယ် ...................... .မြို့ နယ်မှ တိုင်းရင်းဆေးသမားတော် ဦး/ဒေါ်..................ဖြစ်ပါတယ်။

**လေးစားအပ်ပါသောသဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များခင်ဗျား/ရှင့် .....**

ယနေ့ကျင်းပပြုလုပ်တဲ့ (၁၉)ကြိမ်မြောက်၊ မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံကြီးမှာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ ဖြိုးတိုးတက် စေရန်အတွက် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ

ပိုမိုလေ့ကျင့်သင်ကြားမွေးထုတ်ပေးရန် ဆိုတဲ့ ကျွန်တော် / ကျွန်မတို့ တိုင်းရင်းဆေးပညာရှင်များအတွက်အဓိကကျလှသောအဆိုတစ်ရပ်ကိုတင်သွင်းခွင့်ရတဲ့အတွက် အလွန်ဝမ်းမြောက်ဂုဏ်ယူမိပါတယ်ခင်ဗျား/ ရှင့်။

**လေးစားအပ်ပါသောသဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များခင်ဗျား / ရှင့်။**

မြန်မာ့တိုင်းရင်းဆေးပညာဟာတကောင်းခေတ်မှသည် ယနေ့အထိ ခေတ်အဆက်ဆက် ပြည်သူလူထုရဲ့ ကျန်းမာရေးကိုစောင့်ရှောက်ပေးနေဆဲ ဖြစ်ပါတယ်။ ယနေ့ခေတ် တိုင်းရင်းဆေး ပညာရှင် များရဲ့ လူ့စွမ်းအားဖွံ့ဖြိုးမှုကဏ္ဍကို အနည်းငယ်ဖော်ပြရမည်ဆိုလျှင်ပထမဦးစွာ (၃)ဘာသာ (ဒ၊ဘ၊ဗ) စာမေးပွဲများကို(၅)ကြိမ် ကျင်းပပေးခဲ့ပါတယ်။ အဲ့ဒီနောက်မှာတော့ ၎င်း(၃)ဘာသာ စာမေးပွဲအောင်မြင်ပြီးသူ ဆရာ၊ ဆရာမများကို သင်ကြားရေး၊ ကုသရေးဆရာများအဖြစ် နိုင်ငံတော် အစိုးရမှ ခန့်အပ်ခဲ့ပါတယ်။ ထို့ကြောင့် တိုင်းရင်းဆေးသိပ္ပံကို ၁၉၇၆ ခုနှစ် ဇန်နဝါရီလ (၃၁)ရက်နေ့တွင် ဖွင့်လှစ်သင်ကြားခဲ့ပြီးအပါတ်စဉ်(၃၀)အထိ ဖွင့်လှစ်ခဲ့ကာ ဒီပလိုမာလက်မှတ်ရ တိုင်းရင်းဆေးပညာရှင် (၁၃၀၀)ဝန်းကျင်ခန့် မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ထို့ပြင် မန္တလေးမြို့၊ တိုင်းရင်းဆေး သိပ္ပံ၌ တိုင်းရင်းဆေးပညာဒီပလိုမာသင်တန်းများအပြင် (၄)ဘာသာ (ဒ၊ဘ၊န၊ဝ) စာမေးပွဲတစ်ကြိမ် ကျင်းပပေးခြင်း၊ တိုင်းရင်းဆေး ဆရာ (၁)နှစ် သင်တန်းကိုမန္တလေးမြို့တွင် အမှတ်စဉ်(၁)မှ (၅)ထိနှင့် ရန်ကုန်မြို့ တွင် (၁)မှ (၃)ထိကျင်းပပေးခြင်းဖြင့် နိုင်ငံတော်ရဲ့ လိုအပ်ချက်ဖြစ်တဲ့ တိုင်းရင်းဆေးပညာရှင်များကို မွေးထုတ်ပေးခဲ့ပါတယ်။ ထိုမှတဖန်

(၂၀၁၁)ခုနှစ်မှစပြီးယခုထိ တိုင်းရင်းဆေးတက္ကသိုလ်ကြီးက မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့၊ မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့ရ တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်ပေးလျက်ရှိနေပြီဖြစ်ပါတယ်။ ဒါ့အပြင် ယခုလက်ရှိအချိန်အထိလည်း လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းဆေးသိပ္ပံဆင်းပညာရှင်များကို တိုင်းရင်းဆေးတက္ကသိုလ်မှာ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (ပေါင်းကူး) (၂)နှစ် သင်တန်းများကို အဆင့်မြင့် ဖွင့်လှစ်သင်ကြားပေးခဲ့တာခြောက်နှစ်တိုင်ခဲ့ပြီဖြစ်ပါတယ်။

**လေးစားအပ်ပါသောသဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များခင်ဗျား / ရှင့် ။**

ယခုလိုတိုင်းရင်းဆေးပညာရှင်များရဲ့ အရည်အသွေးပိုမိုသည်ထက်ပိုမိုပြည့်စုံစေဖို့ လက်ရှိလူ့စွမ်းအားအရင်းအမြစ်ကိုမွေးထုတ်ပေးတဲ့ တိုင်းရင်းဆေးတက္ကသိုလ်မှာ သင်ကြားပို့ချနေတဲ့ သင်ရိုးညွှန်းတမ်းများနဲ့ သင်ရိုးမာတိကာများပါ ခေတ်နှင့် အညီစနစ်တကျ ပြန်လည်သုံးသပ်ဖို့လိုမှာဖြစ်ပါတယ်။ တိုင်းရင်းဆေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများရဲ့ အရည်အသွေးပိုမိုဖွံ့ဖြိုးတိုးတက်စေဖို့ သင်ကြားရေးအထောက်အကူပစ္စည်းများ ပိုမိုဖြည့်ဆည်း ပေးခြင်း၊ပြည်တွင်းပြည်ပက တိုင်းရင်းဆေးပညာရှင်များနှင့် ပညာရပ်ဆိုင်ရာ အတွေ့အကြုံများ ဖလှယ်နိုင်သည့် အခွင့်အလမ်းများကိုယခုထက် ပိုမိုဖန်တီးပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ လက်တွေ့ သင်ကြားပေးနေတဲ့အလုပ်သင်များရဲ့ သင်ကြားရေးကဏ္ဍမှာ စာတွေ့လက်တွေ့ ပေါင်းစပ်မှုရှိစေရန်အတွက် သင်ကြားရေး တိုင်းရင်းဆေးရုံများရဲ့ ကဏ္ဍဟာ ပိုမိုပီပြင်ဖို့လိုအပ်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် မဟာဘွဲ့ရ

တိုင်းရင်းဆေးပညာရှင်များကို ၂၀၁၁ခုနှစ်ကနေ ယခုနှစ်အထိ (၇)နှစ်မြောက် ရှိခဲ့ပြီ ဖြစ်ပါတယ်။ ယခုအခါ အထူးပြုဘာသာရပ်အလိုက် Speciality အသီးသီးဖြင့်မဟာဘွဲ့သင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများ ဖွင့်လှစ် သင်ကြားပေးဖို့ အချိန်ကျရောက်နေပြီဖြစ်ပါတယ်။

**လေးစားအပ်ပါသောသဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များခင်ဗျား/ ရှင့်။**

တိုင်းရင်းဆေးလောကလူ့စွမ်းအားအရင်းအမြစ် ပိုမိုဖွံ့ဖြိုးတိုးတက်စေဖို့ ပြည်တွင်းပြည်ပက ပညာရပ်ဆိုင်ရာသင်တန်းတွေကို အဓိကအရေးကြီး ဖွင့်လှစ်ဆောင်ရွက်သင့်လှပါတယ်။

ပြည်နယ်နဲ့တိုင်းဒေသကြီးအသီးသီးမှာတာဝန်ထမ်းဆောင်နေကြတဲ့ ပြည်သူ့ဝန်ထမ်းတိုင်းရင်းဆေးပညာရှင်များနဲ့ဝန်ထမ်းမဟုတ်သူတိုင်းရင်းဆေးပညာရှင်များရဲ့ အရည်အသွေးများပိုမိုတိုးတက်စေဖို့အတွက် ပြည်တွင်းမှာ CTME များ၊ Workshop များ၊ သုတေသနစာတမ်းဖတ်ပွဲများ ပညာရပ်ဆိုင်ရာစွမ်းအားမြင့် သင်တန်းများနဲ့ ပြည်ပတိုင်းရင်းဆေး ပညာရပ်ဆိုင်ရာ Training များစေလွှတ်ပေးလျက်ရှိပါတယ်။ သို့ပါသော်လည်းဘွဲ့လွန် ဒီပလိုမာများရရှိနိုင်တဲ့ပြည်တွင်းပြည်ပသင်တန်းများကိုပိုမိုဖွင့်လှစ်စေလွှတ်ပေးနိုင်ဖို့လိုအပ်မှာဖြစ်ပါတယ်။

ပြည်သူ့ဝန်ထမ်းတိုင်းရင်းဆေးပညာရှင်များဟာ တိုင်းရင်းဆေးပညာဦးစီးဌာန အောက်မှာသင်ကြားရေးကဏ္ဍ၊ ကုသရေးကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍ၊ သုတေသနနဲ့ဖွံ့ဖြိုးရေးကဏ္ဍ၊ ဆေးဝါး

ထုတ်လုပ်ရေးကဏ္ဍစသည်ဖြင့် တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်စေရန် ကဏ္ဍစုံမှ အသီးသီးတာဝန်ထမ်းဆောင်နေကြရပါတယ်။

သင်ကြားရေးကဏ္ဍမှာတာဝန်ယူနေကြတဲ့တိုင်းရင်းဆေးပညာရှင်ဆရာ /ဆရာမများအပြင် အနောက်တိုင်းဘာသာရပ်များကိုသင်ကြားပေးနေတဲ့ ပညာရှင်များ၊ ဝိဇ္ဇာ/သိပ္ပံဘာသာရပ်သင် ဆရာ/ဆရာမများရဲ့ စွမ်းဆောင်ရည်များ တိုးတက်မြင့်မားလာဖို့လည်းအထူးလိုအပ်လှပါတယ်။

အဲ့ဒီပညာရှင်ပေါင်းစုံရဲ့ အရည်အသွေးတွေတိုးတက်လာဖို့ဆိုရင် သက်ဆိုင်ရာ ပညာရပ်များအတွက် သင်ကြားရေးကဏ္ဍမှာ ပြည်တွင်း ပြည်ပက(Medical Education) သင်တန်းများနဲ့ ကုသရေးကဏ္ဍက တိုင်းရင်းဆေးပညာရှင်များအတွက်လည်း ပြည်တွင်းပြည်ပက သက်ဆိုင်ရာဘာသာရပ်အလိုက် Clinical Training သင်တန်းများ, Hospital management သင်တန်းများနဲ့ စီမံခန့်ခွဲရေးသင်တန်းများကို တက်ရောက်စေသင့်လှကြောင်း အဆိုပြုတင်ပြလို ပါတယ်။ ဒ့ါအပြင် သုတေသန နည်းစနစ်သင်တန်းတွေ၊ ကောင်းမွန်တဲ့ ဆေးဝါး ထုတ်လုပ်ရေး(GMP) သင်တန်းများကိုလည်းအခါအားလျော်စွာ ဖွင့်လှစ် သင်ကြား ပေးသင့်ပါတယ်။

**လေးစားအပ်ပါသောသဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များခင်ဗျား / ရှင့္။**

ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးရှိပြည်သူ့ဝန်ထမ်းမဟုတ်တဲ့ တိုင်းရင်းဆေးပညာရှင်များရဲ့ အရည်အသွေးများ ပိုမိုတိုးတက်စေရန်အတွက်

ကိုလည်းတိုင်းရင်းဆေးပညာဦးစီးဌာနနဲ့ တိုင်းရင်းဆေးတက္ကသိုလ်တို့က ဦးဆောင်ပြီး ပညာရပ်ဆိုင်ရာဖွံ့ဖြိုးမှုသင်တန်းများကို ပိုမိုဖန်တီးပေးရန် လိုအပ်မှာဖြစ်ပါတယ်။

**လေးစားအပ်ပါသောသဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များခင်ဗျား / ရှင့်။**

အထက်မှာတင်ပြခဲ့သည့်အတိုင်းအရည်အသွေးပြည့်ဝသည့် ဆေးကုသခွင့် တ.ဆ လက်မှတ်ရတိုင်းရင်းဆေးပညာရှင်(၇၀၀၀)ကျော် မွေးထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။

တိုင်းရင်းဆေးသိပ္ပံဒီပလိုမာအပတ်စဉ်(၁)မှ (၃၀)ထိ (၁၂၈၇)ဦးနှင့် တိုင်းရင်းဆေးတက္ကသိုလ်မှ (၂၀၁၈)ခုနှစ်ထိမြန်မာတိုင်းရင်းဆေးပညာဘွဲ့ရ (B.M.T.M) (၁၅၅၆)ဦးမွေးထုတ်ခဲ့ပြီး ဖြစ်ပါသည်။၂၀၁၁ ခုနှစ်ကစပြီး ပေါင်းကူး (၂)နှစ် သင်တန်းနဲ့ M.M.T.M မြန်မာ့ တိုင်းရင်းဆေးပညာ မဟာဘွဲ့သင်တန်းများဖွင့်လှစ်ခဲ့ပါတယ်။ ယနေ့အထိပုံမှန် B.M.T.M ဘွဲ့ရနဲ့ ပေါင်းကူးB.M.T.M ဘွဲ့ရ(၁၅၀၅)ဦးနဲ့ M.M.T.M မဟာဘွဲ့ရ(၅၁) ဦးမွေးထုတ်ခဲ့ခြင်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ပြည်သူလူထုကျန်းမာရေး စောင့်ရှောက်မှုတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းဆေးပညာရှင်များကိုပိုမိုမွေးထုတ်ရန် လိုအပ်လျက် ရှိပါသည်။

သို့ပါ၍ ယခုလက်ရှိတိုင်းရင်းဆေးတက္ကသိုလ်မှ နှစ်စဉ် တိုးမြှင့်ခေါ်ယူရန် လိုအပ်သလိုနောက်ထပ် တိုင်းရင်းဆေးတက္ကသိုလ်အသစ်ထပ်မံဖွင့်လှစ်ခြင်း၊ တိုင်းရင်းဆေး ဒီဂရီကောလိပ်များ တိုင်းနှင့်ပြည်နယ်

အလိုက် တိုင်းရင်းဆေးရုံရှိသည့် နေရာများတွင် ဖွင့်လှစ်ပေးခြင်းတို့ လိုအပ်လျက်ရှိပါသည်။ ယခုအခါ တက္ကသိုလ်အသီးသီး၏ ဝင်ခွင့် အစီအစဉ်များကိုသက်ဆိုင်ရာတက္ကသိုလ်မှ သီးခြားအစီအစဉ်များဖြင့် ခေါ်ယူမည့် ပညာရေးစနစ်သစ် မကြာမီနှစ်များအတွင်းစတင်တော့မည် ဖြစ်ပါတယ်။ တက္ကသိုလ် ဝင်တန်းရမှတ်အပေါ် အခြေမခံဘဲကျောင်းသား၏ ဝါသနာ၊ ခံယူချက်အလိုက် ဝင်ခွင့်စနစ်ဖြင့် ဆောင်ရွက်မည် ဆိုပါက တိုင်းရင်းဆေးပညာမျိုးရိုးရှိသူနှင့် ဝါသနာပါသူများအတွက် ကြီးမားသော အခွင့်အလမ်းတရပ် မကြာခင် ဖြစ်ပေါ်လာမှာဖြစ်တဲ့အတွက် တိုင်းရင်းဆေး တက္ကသိုလ်အနေဖြင့် ပိုမိုမွေးထုတ်ပေးနိုင်ရန် အခွင့်အလမ်းကောင်း တစ်ခုဖြစ်လာတာနှင့် အညီတိုင်းရင်းဆေးတက္ကသိုလ် အနေဖြင့်လည်း လူ့စွမ်းအားအရင်းအမြစ် များပိုမိုမွေးထုတ်ပေးနိုင်ရန် ကြိုတင်ပြင်ဆင် ထားသင့်ကြောင်းတိုက်တွန်းလိုပါတယ်။

သို့မှသာပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကို အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များဖြင့် တစ်နိုင်ငံလုံးအား လွှမ်းခြုံနိုင်မည် ဖြစ်ပါသည်။

တိုင်းရင်းဆေးဒီဂရီကောလိပ် ဖွင့်လှစ်ခြင်းဖြင့် အချိန်တိုအတွင်း တိုင်းရင်းဆေးပညာရှင် အရေအတွက် ပိုမိုထုတ်လုပ်နိုင်ခြင်း၊ တိုင်းရင်းဆေး မျိုးရိုးရှိပြီးတိုင်းရင်းဆေးတက္ကသိုလ်အမှတ် မမီသူများတက်ရောက်နိုင်ခြင်း၊ ကျေးလက်ဒေသအောက်ခြေအထိကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည် ဖြစ်ပါသည်။

**လေးစားအပ်ပါသောသဘာပတိကြီးနှင့် ဘာဘာပတိအဖွဲ့ဝင်များခင်ဗျား / ရှင့်။**

နိဂုံးချုပ်အနေနဲ့ မြန်မာ့တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အရည်အသွေးပြည့်ဝသောတိုင်းရင်းဆေးပညာရှင်များကိုတဆင့်ထက်တဆင့် အဆင့်မြင့်စွာမွေးထုတ် သင်ကြားပေးနိုင်ခဲ့သည်များကို လည်းဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ အဲ့လိုမွေးထုတ်ပေးခဲ့တဲ့ တိုင်းရင်းဆေးပညာရှင်များဟာ စဉ်ဆက်မပြတ်ပညာရပ်ဆိုင်ရာများပိုမိုဖွံ့ဖြိုးတိုးတက်စေရန် လက်ရှိသင်ကြားရေးမှ ဆရာ/ဆရာမများနှင့် သင်တန်းသားများကဏ္ဍ၊ ပြည်သူ့ဝန်ထမ်းတိုင်းရင်းဆေးပညာရှင်များကဏ္ဍ၊ ပြည်သူ့ ဝန်ထမ်းမဟုတ်သောတိုင်းရင်းဆေးပညာရှင်များ ကဏ္ဍစသည်ဖြင့် ကဏ္ဍပေါင်းစုံမှ တိုင်းရင်းဆေးပညာရှင် လူ့စွမ်းအားအရင်း အမြစ်များသည် ဟန်ချက်ညီညီ ပိုမိုဖွံ့ဖြိုးစေရန်အတွက် ဆက်လက်ပြီးရေရှည်စီမံကိန်းများ ချမှတ်ကာ လုပ်ဆောင်သွားနိုင်ဖို့ဖြစ်ပါတယ်။ ဒေါ့ကြောင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုလေ့ကျင့်သင်ကြားမွေးထုတ်ပေးရန် ဟူသောအဆိုပြုချက်အား အလေးအနက် တင်သွင်းလိုက်ရခြင်းဖြစ်ပါတယ် ခင်ဗျား / ရှင့် ။